အင်းဝိုင်းလေးကျေးရွာ

သထုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်းဝိုင်းလေးကျေးရွာ၊ သထုံမြို့နယ်

(သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	အင်းဝိုင်းလေးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်	၅
	အင်းဝိုင်းလေးကျေးရွာ ရာသီခွင်ပြပက္ခဒိန်၊ သထုံမြို့နယ်	၆
	အင်းဝိုင်းလေးကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင် ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်	၇
	အင်းဝိုင်းလေးကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်	၈
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၉
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၉
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	၁၀
	(ခ) မွေးမြူရေးလုပ်ငန်း	၁၁
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၂
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၃
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၃
	(ခ) ကျေးရွာ မီးလင်းရေး	၁၄
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၅
၆။	**ပညာရေး**	၁၅
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၆
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၇
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၈
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၉
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၁
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၂
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၁

	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၇
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၉
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၆ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်

ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။


ဖေဖော်ဝါရီလ၊ ၂၀၂၀ပြည့်နှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်းဝိုင်းလေးကျေးရွာ

သထုံမြို့နယ်

အင်းဝိုင်းလေးကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်




အင်းဝိုင်းလေးကျေးရွာ ရာသီခွင်ပြပက္ခဒိန်၊ သထုံမြို့နယ်


ရေမြေမသွယ်အောက်ကျေးငှာစာစဉ်၊ အင်းထိုင်းလေးကျေးငှာ ရာသီဥတုဖြစ်ပုံဖြစ်နည်း

အချက်အလက်များ:	တိမ်ကိုင်း	ကဆုတ်	ဂယုန်	ပါးဆို	ပါခေါင်	ထောင်သင်း	အိတင်း ကျွတ်	တရုတ်ဆောင် မှုန်	ကုတ် ထောင်	ဖြာဆို	တပို့တွဲ	တမော်ငြိုင်း
ရာသီဥတု												
အလယ်အလတ်ပိုင်	ဖွဲဖွဲပါးပါးကျ	သာသာထိုးထိုးပြပြ	လယ်တွင်း အားလုံးကျ	ပြိုးပြိုးကြဲကြဲကျ အားသန်စွာ	ကောက်ခိုက်ပြီး မသားငယ်များ	မုယိုကျွဲ နွေဝပါး	မိုးပေါ်ကျိုက် နွေဝပါးကျွဲ	ကောက်ခိုက်ပြီး ရာဘာခြစ်	နွေကောက်ခိုက် ရာဘာခြစ်	နွေပေါ်ကြားကြား ကျိုက် ရာဘာခြစ်	နွေဝပါး ကျက်ကြားကျိုက် ရာဘာခြစ်	နွေပေါ်ကျိုက် ရာဘာခြစ်
လတ်လပ်လက်ဆော: မိုးအားစု ဝင်ရွေ့ရုတ်ပုံ	ကားသင့်အောင်	ကားသင့်မောင်းပါ	များ	များ	များ	သင့်တင့်	များ	များ	များ	သိပ်တင့်	သင့်တော်	သင့်တော်
စာသုံးဘင်္ဂလာ	များ	သင့်တင့်	များ	သင့်တော်	သင့်တင့်	သင့်တင့်	များ	များ	များ	များ	အင့်တင့်	အင့်တင့်
ချေးငွေပိုအပ်ပုံ	သင့်တင့်	သင့်တော်	နီ	နီ	သင့်တင့်	သင့်တင့်	နီ	နီ	နီ	သင့်တော်	အင့်တင့်	အင့်တင့်
ဝင်းဆော ဟူလဲပုံ	သင့်တော်	သင့်တင့်	သင့်တင့်	သင့်တော်	သင့်တင့်	သင့်တင့်	သင့်တင့်	သင့်တင့်	သင့်တင့်	သင့်အောင့်	သင့်တင့်	သင့်တင့်
သောက်သုံးရေရရှိပုံ	နီ	သင့်တင့်	သင့်တင့်	များ	များ	များ	များ	များ	များ	များ	များ	နီ
တိရစ္ဆာန်အစာရရှိပုံ	နီ	များ	များ	များ	များ	များ	များ	များ	များ	များ	သင့်တင့်	နီ
တိရစ္ဆာန်ကျန်းမာရေးကိုကျော်ကြားပုံ	ကြီးသော/သေးသော ကောင်များကပ်ရောဂါ	—	—	ကြွက်များ	ကြွက်များ	—	—	—	—	—	—	ကြီးသော/သေးသော ကောင်များကပ်ရောဂါ များ
ကျန်းမာရေး (များဆောင်ရွက်ပုံ)	ဝမ်းကျောင်ကို	—	—	တုတ်ဆေးကြွေး / ဂျက်များ	တုတ်ဆေးကြွေး / ဂျက်များ	—	—	ဒဏ်ရာဝေး / ရေချိုးဆိုး	ဒဏ်ရာဝေး / ရေချိုးဆိုး	—	—	တမ်းဆောက်ပုံ
အခြားမှတ်ချက်များ ကောင်းကျိုးများ	—	—	—	—	ထမင်းပို့ကြောင်းပို့ ဟူပုံ	—	—	ဒဏ်ရာဝေး	ဝမ်းပျက်ခြင်း	ဝမ်းတွေ့ခြင်း	—	—
မှတ်ချက်	သတိပြုရန်	ဒေသဓလေ့ထုံးစံ	—	ပါးကို သယ်ပုံးကား ဂျောတာရဲ့	တရုတ်ပွဲ	တရားပွဲ	ကတိရှိပွဲ	တရုတ်ဘောင်ပွဲ	—	ဘုရားစင်္ကြံ၊ ဘုရားဖူးတော်	ပွဲထုပ်ပွဲ	—
သဘာဝဘေးအန္တရာယ်	တိုက်ခတ်မှု/ ကြောင်းဒဏ်	ပြင်းထန်မှု	ပေါ်ပေါက်ကြိမ်နှုန်း	ကျိုးပဲ့ပျက်စီးမှုကို စောစောကြိုတင်ကာကွယ်ပုံ	ကျော်ကြားလှသော	—	—	—	—	—	—	—

အင်းဝိုင်းလေးကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်



အင်းဝိုင်းလေးကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

အင်းဝိုင်းလေးကျေးရွာသည် မွန်ပြည်နယ်၊သထုံခရိုင်၊ သထုံမြို့နယ်၊ဈေးမသွယ်အောက် ကျေးရွာအုပ်စု တွင်တည်ရှိ ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် အင်းဝိုင်းလေး–အင်းဝိုင်းကြီး ကျေးရွာချင်းစပ်ဆက်လျက်တည်ရှိပါသည်။ အနောက်ဘက်တွင် စမ်းညီနောင်တောင်တန်း၊ မြောက်ဘက်တွင် သထုံမြို့နှင့် ဘားအံမြို့လမ်းသို့ လမ်းခွဲလမ်းညွှန် ဈေးမသွယ်အထက်ဝိုင်း ကျေးရွာ တည်ရှိပြီး တောင်ဘက်တွင် အင်းဝိုင်းလေး– စခန်းကြီးကျေးရွာချင်းဆက်စပ်လျက် တည်ရှိပါသည်။ ကျေးရွာတွင် ကရင်–ဗမာ–မွန် စသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး မွန်လူမျိုးမှာ လူနည်းစု ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

အင်းဝိုင်းလေးကျေးရွာ၏ ရာသီဥတုမှာ သမဝိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ အင်းဝိုင်းလေးကျေးရွာတွင် လယ် (၁၀၄.၈) ဧကနှင့် ရော်ဘာခြံ (၁၉၁) ဧက၊ ကိုင်းကျွန်းမြေ (၂)ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာလည်း အသင့်အတင့်ကောင်း မွန်ပါသည်။ ကျေးရွာဝိုင် စားကျက်မြေရှိပါသည်။ မြေလွတ်မရှိပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အင်းဝိုင်းလေးကျေးရွာသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ တွင် (ကျား- ၆ဦး)၊ ရပ်မိရပ်ဖအဖွဲ့တွင် (ကျား- ၆ဦး+မ-၃ဦး)တို့ပါဝင်ပြီး အုပ်ချုပ်ရေး၊ စီမံကွပ်ကဲရေးတို့တွင် အမျိုးသမီးများ မပါဝင်ပါ။ သို့သော်လည်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများ တက်တက်ကြွကြွပူးပေါင်း ပါဝင်ကြပါသည်။ အင်းဝိုင်းလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ရန်အဖွဲ့များရှိပါသည်။ ကျေးရွာမှ အမျိုးသမီး၅ဦးဖွဲ့သော ငွေစုငွေချေးနှင့် Blessing Group အဖွဲ့၊ ငွေစုငွေချေးအဖွဲ့၊ အိုးသူကြီးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်၊ မူကြိုအကျိုးတော်ဆောင်၊ နာရေး ရပ်မိရပ်ဖ၊ ကာလသမီး၊ ကာလသား၊ အဖွဲ့များဟူ၍အဖွဲ့များရှိပါသည်။ အမျိုးသမီး၅ဦးအဖွဲ့ ငွေစုငွေချေးနှင့် Blessing Groupတို့သည် တစ်လတစ်ခါ ငွေစုကြပြီး ထိုငွေများကို ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ စိုက်ပျိုး၊ မွေးမြူရေး သာရေး၊ နာရေး လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး အစရှိသော အရေးပေါ်ကိစ္စများအတွက် အသုံးပြုကြပြီး ငွေချေးလိုသူများကိုလည်း ချေးငွေပေးကြပါသည်။ ကျေးရွာများတွင် အိုးသူကြီးအဖွဲ့ ကျား၁၀ဦးခန့်ထားပါသည်။ သာရေးနာရေးတွင် အိုးသူကြီးများတက်ကြစွာ ပါဝင်ကြပါသည်။

စည်းလုံးမှုနှင့် တိုင်ပင်မှု များ ရှိကြပါသည်။ ပင်ပန်းသည်ဟု ငြိုငြင်ခြင်းမရှိပါ။ ကျေးရွာတွင် မူလတန်းကျောင်းနှင့် မူကြိုကျောင်း မှ သီးသန့် စီ တည်ဆောက်ထားပါသည်။ ဖွဲ့စည်းခြင်းအနည်းငယ်ကွာခြားပါသည်။ ကျောင်းအကျိုး တော်ဆောင်အဖွဲ့မှ ကျောင်း၏ လိုအပ်ချက်များနှင့် ကလေးများပညာသင်ကြားရာတွင် အခက်အခဲ မရှိစေရန် အလေးထားဆောင်ရွက်ခြင်း၊ မူကြိုကျောင်းအကျိုးတော်ဆောင်အဖွဲ့များတွင် ကလေးများအား အာဟာရတိုက်ကျွေးအဖွဲ့ ရန်ပုံငွေရှာခြင်း၊ ဆောက်လုပ်ခြင်းအဖွဲ့ စသော အဖွဲ့ဝင် များသည် တက်ကြွစွာနှင့် ကိစ္စများလိုအပ်ချက်များတွင် လိုက်ပါဆောင်ရွက်ကြပါသည်။ ကာလသား/ကာလသမီးများသည် ကျေးရွာ၏ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး အစရှိသော ပရဟိတ လုပ်ငန်း များအတွက် အတူတကွစုပေါင်း၍ လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းရှိ အဖွဲ့များအား လုံးသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဖွဲ့များအားလုံးစုပေါင်း၍ စည်းလုံးစွာဖြင့်ဆောင် ရွက်ကြပါသည်။

အင်းဝိုင်းလေးကျေးရွာတွင် Pact Myanmar အဖွဲ့မှ ၁၀.၂.၂၀၁၇ နေ့တွင် လာရောက်၍ ကျေးရွာရှိ အမျိုးသမီးများအဖွဲ့ ဖွဲ့၍ ကျေးရွာတွင် အဖွဲ့၃၀ဦးတစ်ဖွဲ့ဖွဲ့နိုင်ခဲ့ ပါသည်။ Pact Myanmar အဖွဲ့မှ ကျေးရွာရှိ အဖွဲ့ဝင်များ ဖတ်ရှုလေ့လာသိရှိနိုင်ရန် ကြွယ်ဝချမ်းသာမှုစာ အုပ် လမ်းညွှန်စာအုပ်များ ၊ ဘောပင်နှင့်စာအုပ် ၊ စာရွက်စာတမ်းများပေးအပ်ခဲ့ပါသည်။ အဖွဲ့ဝင် ၃၀ဦးမှ ဥက္ကဋ္ဌ ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ကြီးကြပ်ရေးမှူး ၄ဦးရွေးချယ်၍ သင်တန်းများအကြိမ်ကြိမ် လာရောက် သင်ကြားပေးခဲ့ပါသည်။ Pact Myanmar အဖွဲ့မှ တာဝန်ကျ ဆရာ/ဆရာမများက လည်း အကြိမ်ကြိမ်လာရောက်၍ ဆွေးနွေးမှုများ ပြုလုပ်ပေးခဲ့ပါသည်။ ကိုယ်ထူကိုယ်ထချေးငွေ လုပ်ငန်းတွင် ကျေးရွာအဖွဲ့ဝင်များ တတ်နိုင်သမျှ သတ်မှတ်စုငွေကို ၃၀ဦးသဘောတူညီချက် တစ်ဦးလျှင် တစ်ထောင်ကျပ် တစ်ပတ်တစ်ကြိမ်သတ်မှတ်ခဲ့ကြသည်။ စည်းကမ်းချက်များထုတ် သည် Pact Myanmarမှ လေးထောင့်စားပွဲ၊ ခုံနှစ်လုံးနှင့် စာရွက် စာတမ်းများ ဥက္ကဋ္ဌ ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ ကြီးကြပ်သူ ဟူ၍ သူတို့နှင့် သက်ဆိုင်သော စာရွက် စာတမ်းများထည့် သည့်ဖိုင်တွဲ လေးခုအား အခမဲ့ပေးခဲ့ကြပါသည်။အဖွဲ့ဝင် စုငွေစု၍ ငွေလိုသူများ ချေးယူလျှင် ၂ကျပ်တိုး အဖွဲ့ဝင်ဦးစားပေးပြီး အပြင်မှချေးယူလျှင် ၃ကျပ်တိုးနှုန်းဖြင့် အဖွဲ့ဝင်များ စည်းကမ်းချခြင်း စဖွဲ့သောနေ့မှ ၆လတစ်ကြိမ် အမြတ်ခွဲဝေမှုပြုကြသည်။ ၈.၆.၂၀၁၉ တွင် တတိယ အကြိမ်ခွဲဝေမှုပြုလုပ်ခဲ့သည်။ ယခုတွင် အကြိမ်လေးကြိမ်မြောက်ရပ်နေပါသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် အမြတ်ရာခိုင်နှုန်းခွဲဝေမှုနည်းသောကြောင့် ဆက်လက်သိမ်းဆည်း၍ တတိယအကြိမ် တွင် အမြတ်ရန်ပုံငွေရာခိုင်နှုန်း၃သိန်းကို ကျေးရွာရှိမူလတန်းကျောင်းတွင် ဆရာ/ဆရာမများ

အသုံးပြုနိုင်သည့် ကျောင်းအတွက်မှန်ဘီရိုနှစ်လုံးအား ကျောင်းအုပ်ရုံးခန်းတစ်လုံး ၊ ကျောင်းဆောင် ၌ တစ်လုံး(၁၅၀၀၀၀/ x၂)လျှုဒါန်း၍ မှတ်တမ်းထားခဲ့ပါသည်။ Pact Myanmar ကိုကာကိုလာ ဖောင်ဒေးရှင်းကို ကျေးဇူတင်ပါသည်။ ဤသို့ဖွဲ့စည်းပေးခြင်းကြောင့် ကျေးရွာမှ အမျိုးသမီးများငွေ စုဆောင်းတတ်မှု ရှိခြင်း၊ တွေးခေါ်သိမြင် တတ်ခြင်းမှတ်ခြင်း ၊ ဗဟုသုတကြွယ်ဝခြင်းများ အထွေ ထွေအရေးပေါ်ရှိခဲ့လျှင် အလွယ်တကူချေးယူနိုင်ခြင်း၊ တပိုင်တနိုင် စိုက်ပျိုးခြင်း မွေးမြူခြင်းများ အတွက် အကျိုးအမြတ်မှ အသုံးပြုနိုင်ခဲ့ပါသည်။ ယခုနှစ် ၂၀၁၉–၂၀၂၀ ခုနှစ် လေးကြိမ်မြောက် တွင် တစ်ဦးလျှင် တစ်လတစ်သောင်းကျပ် သတ်မှတ်စုငွေပြုလုပ်နိုင်ခဲ့ပါသည်။ ယခုလေးကြိမ်ေ မြာက်တွင် အမြတ်စုငွေ၏ ရာခိုင်နှုန်းရန်ပုံငွေကိုလည်းဆက်လက်၍ ကျေးရွာတွင် လိုအပ်နေသော နေရာ၌ လှုဒါန်းကြပါသည်။ဤသို့အနည်းငယ်ဖြစ်သော်လည်း ကျေရွာ၏ လိုအပ်ချက် တစ်ထောင့် တစ်နေရာတွင် ပါဝင်မှုကြောင့် အဖွဲ့ဝင်များအားလုံးပျော်ရွှင်မှုများ ကြည်နူးမှုများဖြစ်ကြရပါသည်။ Pact Myanmar ၏ လမ်းညွှန်မှုမှာ ပညာရေးနှင့် ကျန်းမာရေးသာ အဓိကထားပြီးလှုရမည် ဖြစ်ပါသည်။Eassy အဖွဲ့မှ ငွေချေးယူမှုမှာ ပုဂ္ဂိုလ်ကအဖွဲ့ဖြစ်ပြီး Eassy အဖွဲ့မှ ၂ရာခိုင်နှုန်းအခွန် ကောက်ခံ၍ အတိုးနှုန်းကို ၂ကျပ်ခွဲယူပြီး အရစ်ကျ (၃ပမာ– ၁၀၀၀၀၀/ယူလျှင် တစ်လကို တစ်သောင်းကျပ် နှင့်အတိုးကို ၂၅၀ကျပ်)ဖြစ်လစဉ်ပေးသွင်းရပါသည်။၁၀လစာဖြစ်ပါသည်။Eassy အဖွဲ့ထံတွင် ၈ဦး၊ ၉ဦးချေးယူကြပါသည်။ ဒုတိယအခေါက်တွင် ၂ရာခိုင်နှုန်းကောက်ခံထားသော အခွန်ကို နောက်ဆုံးလပြန်သွင်းသောအခါ တစ်ကျပ်ခွဲအတိုးဖြစ် ပြန်လည်၍ ပေးပါသည်။ (၃ပမာ– ငွေ(၅သိန်း)ယူခဲ့လျှင် တစ်သောင်းကျပ်နုတ်ယူထားပြီး ၎င်းတစ်သောင်းကျပ်ကို တစ်ကျပ်ခွဲ အတိုးဖြစ် ၁၀လအတွက် တစ်သောင်းတစ်ထောင့်ငါးရာကျပ်ကို ပြန်လည်၍ ပေးခဲ့ပါသည်။ ၅သိန်းယူခဲ့လျှင် အရစ်ကျ တစ်လ ၅သောင်းကျပ်နှင့် အတိုးတစ်သောင်းနှစ်ထောင့် ငါးရာကျပ်ဖြစ် အရစ်ကျပေးသွင်း ရပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

အင်းဝိုင်းလေးကျေးရွာသည် မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက် ဝက်ခန့်မက ရှိပြီး နွေစား၊ကျဘမ်းနှင့် အများစုသည် ပြည်ပတွင် သွားရောက်

လုပ်ကိုင်နေကြပါသည်။ ၁၂.၅၈က ထက်ဝိုင်ဆိုင်သည့် တောင်သူကြီး ဦးရေနည်းပြီး တောင်သူလတ်၊ တောင်သူငယ် ဆင်းရဲသာ တောင်သူများညီမျှရှိနေပါသည်။

အင်းဝိုင်းလေးကျေးရွာ၏ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေးကို မိုးရေ အဓိကထားပြီး အင်းရေနှင့် ချောင်းရေကို အသုံးပြုကြပါသည်။ နွေရာသီတွင် ချောင်းရေသည် မလုံလောက်တော့ပါ။ ချောင်းရေဆိုသည်မှာ ဒုံသမိချောင်းခွဲဖြစ်သော ဈေးမသွယ်ချောင်းနှင့် ဒိုင်းဝန်း ချောင်းတို့ဖြစ်ပါသည်။ ရိတ်သိမ်းချိန်ထိ ရေလုံလောက်မှုအားနည်းပါသည်။ ချောင်းစိုက် ၈က ၉၄၈က၊ စိမ့်စမ်းရေ ၁၀.၈ ၈ကဖြစ်ပါသည်။အင်းဝိုင်းလေးကျေးရွာတွင်စပါးနှင့်ပဲကို အဓိကထားစိုက်ပျိုးပါသည်။ စပါးစိုက် ၈က(၁၀၄.၈)၈ကရှိပြီး ကိုင်း၊ ကျွန်း ၈က(၂)၈ကရှိပါသည်။ စိုက်ပျိုးသီးနှံဖြစ်သော စပါးနှင့် ပဲသည် နှစ်စဉ် ထွက်နှုန်းပုံမှန်မရှိပါ။ ရာသီဥတုအခြေအနေပေါ်မူတည်ပြီးပျမ်းမျှအားဖြင့် စပါးတစ်၈ကလျှင် ၃၅တင်း၊ ပဲတစ်၈ကလျှင် ၁တင်းခန့်သာထွက်ရှိပါသည်။ စပါး၊ပဲအထွက်နှုန်း နည်းခြင်းမှာ စိုက်ပျိုးရေး နည်းပညာများလိုအပ်ခြင်း၊ ချောင်းရေများတိမ်ကောသဖြင့် စိုက်ပျိုးရေး တွင် ရေလုံလောက်ရန်ကျေးရွာတွင် မရင်းစပါးကို နတ်တော်လမှ တန်ခူးလအထိ စိုက်ပျိုးကြသည်။ ကျေးရွာတွင် ပြာသိုလမှ တပေါင်းလအထိ စိုက်ပျိုးကြပါသည်။

အင်းဝိုင်းလေးကျေးရွာ၏ စိုက်ပျိုးရေး သုံးကိရိယာများဝိုင်ဆိုင်မှုမှာ နည်းပါးကြပြီး ဌားရမ်းအသုံးပြုနေသည့်အိမ်ထောင်စုများရှိကြပါသည်။ လူဖြစ်ရိတ်သိမ်းကြသည်။ နွားဖြစ်စပါး ခွေကြသည်။ သဘာဝလေများဖြင့် စပါးလှေသည်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင် သည့်အိမ်ထောင်စုများ လည်းရှိပါသည်။ စပါးကို တစ်ပိုင်တစ်နိုင်အတွက်သာ စိုက်ပျိုးကြသည်။ အထွက်နှုန်းများလျှင် ဝမ်းစာအတွက်ဖယ်၍ အိမ်သုံးစရိတ်အတွက် အချို့မှာ ရောင်းပါသည်။အင်းဝိုင်းလေးကျေးရွာတွင် သဘာဝရေမြေရာသီဥတုသင့်တင့်မျှတမှု ရှိသော်လည်း စိုက်ပျိုးရေးလုပ်ကိုင် ဖို့ရာ အင်းရေ ၊ ချောင်းရေအပေါ်၌ တစ်ချို့သောနှစ်များအဆင် ပြေသော်လည်း တစ်ချို့နှစ်များခက်ခဲပါသည်။ လယ်မြေများကို ဝမ်းစာအတွက် နှစ်စဉ်နှစ်တိုင်း အမှန် တကယ်စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေး အတွက် ရေကို ချောင်းရေမှ ရရှိ၍ ချောင်းရေများ မလုံလောက်ပါက ရေရရှိမှု ခက်ခဲ၍ သီးနှံအထွက်နှုန်း လျော့စေပါသည်။ ရေခက်ခဲသောနှစ်များတွင် ရေသွင်းရန်အတွက် ရေရရှိရာချောင်းမှ ပေးသော်လည်း အခက်အခဲကို ပင်ပန်းစွာဖြေရှင်းရပါသည်။ စိုက်ပျိုးရေးအတွက် ချေးငွေရရှိပါသည်။ လိုအပ်မှုရှိလျှင် ငွေစုငွေချေးများထံမှ ငွေချေးကြသည်။ ဆွေမျိုးများမှလည်း ချေးယူကြပါသည်။ ချေးငွေအတွက် အခက်အခဲမရှိပါ။ မြို့နှင့်နီးသောကြောင့် အခက်အခဲမရှိပါ။ အော်ဂဲနစ် မြေဩဇာများ၊ စပါးမျိုးစေ့များ ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးအတွက်

ကုန်များကို ကုန်သည်များနှင့် ရောင်းချပါသည်။ အလုပ်သမားခေါ်ယူရာတွင် အခက်အခဲအနည်းငယ် ရှိပါသည်။ စိုက်ပျိုးရေးအတွက် မိရိုးဖလာ ကိုသာ ကျင့်သုံးပါသဖြင့် စိုက်ပျိုးနည်းပညာများ မသိရှိ၊ မရရှိခဲ့ပါ။ စိုက်ပျိုးရေးနည်းပညာနှင့် အသိပညာမသိရှိမှု တို့ကြောင့် ပျက်စီးဆုံးရှုံးမှုများရှိပါသည်။ ၎င်းပျက်စီးဆုံးရှုံးမှုကို နားလည်တတ်ကျွမ်းသော လူကြီးသူမများ အသိမိတ်ဆွေများမှ မေးမြန်း၍ ဖြေရှင်းကြပါသည်။ စိုက်ပျိုးရေးစျေးကွက် အသင့်အတင့် ရှိပါသည်။ သီးနှံဖျက်ပိုးများကျရောက် တတ်ပါသည်။ နတ်တော်လမှပြာသိုလများတွင် အပင်ဖျက်ပိုးအရွက်ဖျက်ပိုး အင်းဆက်ပိုးများနှင့် ခရုများ၊ဖလန်ဖြူများ ကျရောက်ပါသည်။ ပိုးသတ်စျေးများဖြင့် ဖြေရှင်းပါသသည်။ ခရုစုတ်ဌက် များအားဖြင့်လည်း ခရုများကို ကာကွယ်နိုင်ပါသည်။ ခရုစုတ်ဌက်များကို မပစ်ခတ်ရန် အမိန့်ထုတ်၍ ပစ်ခက်မှုရှိပါက ဒဏ်ကြေးဆောင်ရမည် ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးမှ အမိန့်ထုတ်ကြေငြာ ထားပါသည်။ သီးနှံထုတ်လုပ်မှုတိုးတက်ရန် ဓါတ်မြေဩဇာများကို အချိန်မှီသုံးစွဲနိုင်မှသာလျှင် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများလာရောက် ၍ မျှဝေသင်ကြာညွှန်ကြားမည်ဆိုပါက စိုက်ပျိုးရေးတွင် မိဘပြည်သူများ ကျေးရွာသူ/သားများ အသိပညာများရရှိပြီး စိုက်ပျိုးရေးတွင် လည်း အထွက်နှုန်း ကောင်းမွန်ခြင်း၊ အရည်အသွေးပြည့်ဝမည်ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၈) အိမ်ရှိပြီး နွားကောင်းရေ (၆၆) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၁) စုမှ (၃) ကောင်၊ အိမ်ထောင်စု (၄) အိမ်မှ ဆိတ် (၃၇) ကောင်၊ အိမ်ထောင်စု (၈၄) အိမ်မှ ဝက် (၁၃၄) ကောင်၊ အိမ်ထောင်စု (၁၀၁) အိမ်မှ ကြက် (၉၀၁) ကောင်၊ အိမ်ထောင်စု (၂၁) အိမ်မှ ဘဲ (၉၆) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ အင်းဝိုင်းလေးကျေးရွာတွင် နွား၊ မြင်း၊ဆိတ်၊ ကြက်၊ ဝက် ၊ဘဲ စသော တိရစ္ဆာန်များကို တစ်ပိုင်တစ်နိုင် လောက်မွေးမြူကြပါသည်။ အိမ်ခြံဝန်းအတွင်း၌ ပင် ခြံများ ဆောက်လုပ်၍ မွေးမြူကြပါသည်။ ငါးမွေးမြူရေးခြံတစ်ဦးသာရှိသည် ဆိုသည်မှာ အင်းကြီးမှ ငါးအမျိုးမျိုးကို တစ်နှစ်လျှင် တစ်ကြိမ်နှစ်စဉ် ငါးဖမ်းခြင်းရှိခဲ့ပါသည်။ ငါးအမျိုးအစားများစွာ ရှိပါသည်။ ငါးရံ၊ ငါးခူး၊ငါးဖယ်၊ ငါးကျီ၊ ငါးမြင်းမ၊ ငါးနုသန်း၊ ငါးနုမ ၊ ငါးဇင်ရိုင်း စသော ငါးများ ဖြစ်ပါသည်။ အင်းထဲတွင် ဖြစ်သောကြောင့် ငါးစာကိုကျွေးရန်မလိုအပ်ပါ။

အင်းဝိုင်းလေးကျေးရွာတွင် စားကျက်မြေအသင့်အတင့်ရှိပါသည်။ တိရစ္ဆာန်များအတွက် ခြံမြေဝန်းအတွင်း မြေနေရာလုံလောက်ပါသည်။ တိရစ္ဆာန်များအတွက် သောက်သုံးရေကို အင်းရေသော်လည်းကောင်း၊ မိမိတို့ ကျေးရွာရှိရေတွင်းမှလည်းကောင်း ရရှိနိုင်သော်လည်း နွေရာသီတွင် အနည်းငယ်ခက်ခဲပါသည်။ ဒေသခံမျိုးကိုသာအဓိကထားမွေးမြူ ကြပါသည်။ ဒေသခံမျိုးဖြစ်သည့်အတွက် လွယ်ကူစွာရနိုင်ပါသည်။ တစ်ပိုင်တစ်နိုင် သာမွေးမြူကြ သဖြင့် အစာနှင့်ဆေးများကို သထုံမြို့တွင် သွားရောက်ဝယ်ယူနိုင်ပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူခြင်းဖြစ်ရာ ဆွေမျိုးများမှ ပေးခြင်း၊ ဒေသခံမှ ဝယ်ယူခြင်းဖြင့် မွေးမြူကြပါသည်။ ကျေးရွာတွင် တိရစ္ဆာန်များကို အင်းစောင်းများ၊ခြံဝန်းများအတွင်း စမ်းညီနောင်တောင်သို့လည်းကောင်း အစာရှာကြပါသည်။ မြင်းစာ၊ နွားစာများကို မြက်ရိတ်ကျွေးကြ ပါသည်။ တိရစ္ဆာန် မွေးမြူရေး အတွက် အဆင်ပြေသလိုသာ မွေးမြူကြပါသည်။ အသိပညာ၊ နည်းပညာနည်းပါးပါသည်။ နည်းပညာနှင့် ကာကွယ်ဆေးထိုးခြင်း၊ ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုများရှိပါသည်။ မွေးမြူ ရေးကို စီးပွားဖြစ် လုပ်ကိုင်မည် ဆိုပါက မွေးမြူရေးနှင့်ပတ်သက်သည့်နည်းပညာနှင့် ပတ်သက် သည့် အတွေ့အကြုံ အသိပညာများလိုအပ်နေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

အင်းဝိုင်းလေးကျေးရွာတွင် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းမလုပ် ကိုင်သည့် အိမ်ထောင်စုများသည် ကြုံရာကျဘမ်းကိုလုပ်ကိုင်ပါသည်။ လုပ်သားများရှိကြပါသည်။ အချို့သော ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်းများသော်လည်း လုပ်သားများရှိနေပါသေးသည်။ အသေးစား အလတ်စား စျေးဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း၊ ရော်ဘာခြစ်ခြင်း (အပင်ကောက်) ၊ စပါးစိုက်ခြင်း၊ အကွက်ချမျိုးနုတ်ခြင်းများလုပ်ကိုင်ကြသည်။ ရွာ၏ လမ်းပန်းဆက်သွယ်မှုကောင်း မွန်ပါသည်။ စီးပွားရေးလုပ်ရန်အတွက် အခွင့်အလမ်းလိုပါသည်။ လျှပ်စစ်မီးမရရှိသေးပါ။ ယနေ့ ၂၅.၁.၂၀၂၀ တွင် လျှပ်စစ်ဌာနမှ လျှပ်စစ်မီးတိုင်များကျင်းများတူးနေပါသည်။ လျှပ်စစ်မီးအတွက် စီစဉ်ပြင်ဆင် နေကြပါသည်။ အသေးစား၊ အသက်မွေးဝမ်းကျောင်း၊ လုပ်ကိုင်ရန်အတွက် နည်းပညာ များ မရရှိပါ။ ရွာမှ ထွက်ရှိသော ရော်ဘာပြားများကို အခြားရွာများ အသိမိတ်ဆွေများဖြင့် စျေးကွက် စျေးနှုန်းများ သိရှိပြီးရောင်းဝယ်မှုများပြုလုပ်နေကြပါသည်။ အလုပ်နှင့်ပတ်သက်သည့် ပညာရပ် တွေကို ကျွမ်းကျင်တတ်မြောက်သောသူမရှိပါ။ လုပ်ငန်းအလုပ်အကိုင်များဆောင်ရွက်ရန် အတွက် ချေးငွေကို ငွေစုငွေချေးများမှ အနည်းငယ် ချေးယူနိုင်ပါသည်။ အလုပ်အကိုင်ကြီးများလုပ်

လိုသူများအတွက် အခက်အခဲရှိနိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား၊ အလတ်စား စီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလုပ်နှင့်လိုက်လျော ညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်တတ်မြောက်ခြင်းရှိခဲ့လျှင် အလုပ်အကိုင်အတွက် အခွင့်အလမ်း များရှိနိုင်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

အင်းဝိုင်းလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူများသည် မရင်းစပါး၊ ဝမ်းစာအတွက် သာ စိုက်ပျိုးလုပ်ကိုင်ကြသောကြောင့် ငွေများစွာ ချေးယူမှုမရှိပါ။ အခြားသော ကျဘမ်းလုပ်ငန်းနှင့် စျေးဆိုင်ရောင်းသူများ ၊ တစ်ပိုင်တစ်နိုင်မွေးမြူသူများသည် လယ်၊ ပုဂ္ဂိုလ်က Eassyအဖွဲ့၊ ကျေးရွာရှိငွေစုငွေချေးအဖွဲ့များမှ ၂ကျပ်၊ ၃ကျပ်အတိုးနှုန်းဖြစ် အပေါင်ခံပစ္စည်းမလိုဘဲ ၁၀လ၊တစ်နှစ်အတွင်း သတ်မှတ်ချက်အတိုးအတိုင်း ချေးယူနိုင်ပါသည်။ အချို့မှာ ဆွေမျိုးများထံ ချေးယူနိုင်ကြပါသည်။ မိတ်ဆွေဆွေမျိုးများအချို့မှာအတိုးမယူသော်လည်း အချို့မှာအတိုးပေး ရပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင် နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် စက်ဘီး (၅၄) စီး၊ မော်တော် ဆိုင်ကယ် (၅၆) စီး၊ သုံးဘီးဆိုင်ကယ် (၄) စီး၊ ထော်လာကျီ (၁) စီး၊ ကား (၅) စီး ၊ သယ်ယူ ပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ လှေ၊ သမ္ဘာန် (၁၅)စီး ၊ စက်လှေ(၁)စင်း တို့ကိုလည်းမိုးတွင်းကာလ ကွင်းဆင်းချိန်နှင့် အင်းများ၊ ချောင်းများတွင်ငါးရှာချိန်များ၌ အသုံးပြု ကြပါသည်။

အင်းဝိုင်းလေးကျေးရွာရှိရွာတွင်းလမ်းများအားလုံးမှာ မြေသားလမ်း များဖြစ်ပြီး ကျေးရွာ ချင်းဆက်လမ်းအဖြစ် မြေသားလမ်းတစ်လမ်းနှင့် ရွာလယ်လမ်းမကြီးဖြစ်သည့် ခရိုင်ချင်း ဆက်လမ်း အမှတ်(၁) လမ်း ကတ္တရာလမ်းမကြီးတစ်ခုသာရှိပါသည်။ အဓိပဓိလမ်း(၁)နှင့် (၂) လမ်းသည် အင်းဝိုင်လေးကျေးရွာနှင့် အင်းဝိုင်းကြီးကျေးရွာကို ဆက်ထားသောမြေသားလမ်း ဖြစ်ပြီး ရွာသူ/သားများသည် အင်းဝိုင်းကြီး ကျေးရွာ ဘုန်းကြီးကျောင်းသွားရာတွင် ၎င်းလမ်းကိုသာ အသုံးပြုကြပါသည်။ မိုးတွင်းကာလများတွင် ဗွက်များချို့များကြောင့် သွားလာ ရခက်ခဲသဖြင့်

ငင်းလမ်းကို ကွန်ကရစ်လမ်းအဆင့်မြှင့် တင်လိုက်မည်ဆိုပါက သွားလာရပိုမိုအဆင်ပြေလွယ်ကူသွားမည်ဖြစ်ပါသည်။နှစ်သစ်ကူးလမ်းသည် မြေသားလမ်းဖြစ်ပြီး နှစ်စဉ်ရေမြုပ်ခြင်းကိုကြုံတွေ့ရတတ်ပါသည်။ ငင်းလမ်းကို နှစ်စဉ် နှစ်သသစ်ကူးပွဲကျင်းပခြင်း၊ ကျောင်းအားကစားပြုလုပ်ခြင်း၊ ကျောင်းဘော်လုံးအားကစားပွဲများကျင်းပရာတွင် သွားလာရသဖြင့် မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့အဆင့်မြှင့် တင်ပေးရန်လိုအပ်ပါသည်။ စမ်းချောင်းလမ်းသည် ကုန်ထုတ်လမ်းဖြစ်ပြီး အင်းနှင့်ကျေးရွာကို ဆက်သွယ်ထားသောလမ်းလည်းဖြစ်ပါသည်။ ငင်းလမ်းသည် လမ်းကျဉ်းဖြစ်သဖြင့် လမ်းတိုးချဲ့ရန်အတွက်လည်းခြံဝိုင်းရှင်များက မြေနေရာလှူဒါန်းမည်လည်းဖြစ်ပါသည်။ နိဗ္ဗာန်လမ်းသည် မိုးတွင်းကာလများတွင် ရေမြုပ်ခြင်းကြောင့် ကားသွားမရသဖြင့် ငင်းလမ်းအားပြန်လည်ပြုပြင် ပေးရန်လိုအပ်ပါသည်။ မေတ္တာလမ်းသည် ကိုယ်ထူကိုယ်ထဖြင့် ဘီးလမ်းကွန်ကရစ်ခင်းထားပြီးဖြစ်ပါသည်။ကွန်ကရစ်တံတားစစင်းရှိပါသည်။ တံတားအမှတ်(၂)ကိုလက်ရှိပြင် နေပြီး တံတားအမှတ်(၅)နှင့် တံတားအမှတ်(၇) ဂုံညှင်းတံတားမှာ မိုးတွင်းကာလတောင်ရေတိုက်စားမှုကြောင့် အောက်ခြေခုံများပျက်စီးနေပါသည်။ ကျေးရွာချင်းဆက်လမ်းလည်းဖြစ်သည့်အတွက် တန်ဝိုယာဉ်များမောင်းနှင်သောကြောင့် တံတားအားပြုပြင်ပေးရန်လိုအပ်ပါသည်။ အင်းဝိုင်းလေးရွာတွင် ရေကြောင်းဖြင့်သယ်ယူပို့ဆောင်ရေးမရှိပါ။

(ခ) ကျေးရွာ မီးလင်းရေး

အင်းဝိုင်းလေး**ကျေးရွာတွင် ဆိုလာစနစ်ကို အသုံးပြုနေသည့်အိမ်ထောင်စု(၁၀၅)စု၊ ဒီဇယ်အင်ဂျင်ကို အသုံးပြုနေ သည့် အိမ်ထောင်စု(၁၃)စုနှင့် လျှပ်စစ်မီး လုံးဝ အသုံးမပြုနိုင်သေးသော အိမ်ထောင်စု (၂၂) စု ရှိပါသည်။** အင်းဝိုင်းလေး ကျေးရွာတွင် မဟာဓါတ်အားလိုင်းချိတ်ဆက်၍ လျှပ်စစ်မီးရရှိမှု မရှိသေးသော်လည်း NEP(လျှပ်စစ်မှ 11KVတစ်မိုင်ရရှိပါသည်)။ငင်းလျှပ်စစ်မီးကို ရရှိပြီး ကျေးရွာ၏ လူနေမှု အဆင့်အတန်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍာများ ပါတိုးတက်လာနိုင် မည်ဖြစ်ပါသည်။ထို့ကြောင့် ကျေးရွာမီးလင်းရေးကော်မတီနှင့် ကျေးရွာသူ/ သားများ စုပေါင်းပြီးလျှပ်စစ်မီးကို လျှင်လျှင်မြန်မြန် အသုံးပြုနိုင်အောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြပါသည်။ ယခုလက်ရှိတွင် ကျေးရွာ၌ ဆိုလာမီးဖြင့်သာ အများဆုံး အသုံးပြုကြ သည်။ ဆိုလာမသုံးနိုင်သော မိသားစုများလည်းရှိသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများ မတိုးတက်ခြင်း ဖြစ်သည်။ ဒါ့အပြင် ဖယောင်းတိုင်မီး၊ ရေနံဆီမီးများအသုံး ပြုနေသည့် အိမ်ထောင်စုများလည်းရှိခြင်းကြောင့် မီးဘေးအန္တရာယ်လည်းစိုးရိမ်ရပါသည်။**

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

အင်းဝိုင်းလေးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၅၀) လုံး၊ ရေဒီယို (၁၈) လုံး၊ တီဗွီ (၄၁) လုံး၊ ဂြိုလ်တုစလောင်း (၂၂) လုံး စသည်တို့မှ သတင်းအချက်အလက်များ ကို သိရှိပါသည်။ဒါ့အပြင် သတင်းအချက်အလက်ဖြန့်ဝေမှုကို ကျေးရွာအုပ်ချုပ်ရေးမှူး မှ တဆင့် လည်းသိနိုင်သည်။ သဘာဝဘေး အန္တရာယ်လျော့ချရေး ၊ကြိုတင်ကာကွယ်ရေးစသည့်အစီအစဉ် များ ပို့ချရန်လိုအပ်ပါသည်။

၆။ ပညာရေး

အင်းဝိုင်းလေးကျေးရွာ၏ စာမတတ်သူဦးရေများမှာ အသက်ကြီး ရွယ်အိုများဖြစ်ကြသည်။ မူလတန်းအဆင့်အောင်မြင်သူ (၃၉၃)ဦး၊ အလယ်တန်းအဆင့်တတ် မြောက်သူ (၁၂၈)ဦး၊ အထက်တန်းအဆင့် အောင်မြင်သူ(၆၅)ဦး၊ တက္ကသိုလ်ကောလိပ် တတ်မြောက်သူ(၁၈)ဦး တို့ရှိသည်။

အင်းဝိုင်းလေးကျေးရွာ မူလတန်းကျောင်းတွင် မူလတန်းအဆင့်သာ ပညာရေးကို သင်ကြားနိုင်ပြီး ကျေးရွာနှင့် နီးသော ညောင်ချောင်းကျေးရွာတွင် အလယ်တန်းနှင့် အထက်တန်းအဆင့် ဆက်လက်ပညာသင်ယူကြပါသည်။ ထို့ကြောင့် အင်းဝိုင်းလေးကျေးရွာတွင် မူလတန်းကျောင်းကို အလယ်တန်းနှင့် အထက်တန်းအဆင့် ကို တိုးမြှင့်အဆင့်မြင့် တင်လိုက်မည်ဆိုပါကအင်းဝိုင်းလေးကျေးရွာသာမက အနီးရှိ စခန်းကြီးကျေးရွာ၊ အင်းဝိုင်းကြီး ကျေးရွာ၊ နောင်ရပ်ကျေးရွာမှ ကျောင်းသား/သူများပါ လာရောက်ပညာသင်ကြားနိုင်မည်ဖြစ်ပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူ အနည်းငယ်ရှိပါသည်။

အင်းဝိုင်းလေးကျေးရွာတွင် စာသင်ကျောင်းရှိပါသည်။ မူလတန်း ကျောင်းဖြစ်ပါသည်။ ရွာ၏ကလေးအရွယ်ကျောင်းနေသူများသည် ရွာ၏ ကျောင်း၌ပညာသင် ကြားနေပါသည်။ ကျောင်းသို့ ခြေလျင်စက်ဘီး၊ ဆိုင်ကယ်များဖြင့် မိဘများအုပ်ထိန်းသူများပို့ ဆောင်ကြပါသည်။ ကျောင်းတွင် ကျောင်းဆောင်၂ဆောင်ရှိပြီး သွပ်မိုး၊ အုတ်ကာ၊ အင်္ကတေခင်း ထားပါသည်။ ကျောင်းဆောင်၂ဆောင်ရှိရာ အလျားဖ၀ ပေ၊ အနံ ၃၀ပေ ဖြစ်ပါသည်။ စာသင်ဆောင် (၂)ဆောင်လုံးကောင်းပါသည်။ စာသင်ကျောင်းကို(၁၆.၆.၂၀၂၀)ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပါသည်။ အဆောင်(၁)ကိုပါ တခါတည်းတည်ဆောက်နိုင်ခဲ့ပြီး အဆောင်(၂) ကို ၂၀၁၇ခုနှစ်တွင် အသစ်ပြုပြင်တည်ဆောက်ခဲ့ပါသည်။ စာသင်ကျောင်းတွင် ရေတွင်းရှိပါသည်။ ရေလုံလောက်မှုရှိပါ

သည်။ ကျောင်းအိမ်သာများလည်းကောင်းပါသည်။ ကျားအိမ်သာ၂ခန်းတွဲ ၁လုံး မအိမ်သာ ၂ခန်းတွဲ၁လုံးနှင့်ဆရာ/ဆရာမ အိမ်သာ (၁)လုံးရှိပါသည်။ ကျောင်းတွင် လက်ရှိ ဆရာ၁၌း၊ ဆရာမ ၅၌းစုစုပေါင်း ၆ယောက်ရှိပါသည်။ အစိုးရခန့်များဖြစ်ကြပါသည်။ ရပ်ဝေးမှ လာရောက်ပညာသင်ကြားနေသည့် ဆရာမ ၃၌းရှိပါသည်။ ၎င်းဆရာမ ၃၌းတွင် ၁၌းမှာ အိမ်ထောင်သည် ဖြစ်ပြီး ကျန် ၂၌းမှာအပျိုဖြစ်ပါသည်။ ဆရာမ၂၌းအတွက် နေထိုင်ရန် ကျေးရွာတွင် အိမ်လွတ်မရှိသောကြောင့် ကျောင်းကော်မတီ တစ်၌း၏ အိမ်တွင် မိသားစုဝင်များနှင့် အတူ ပေါင်းနေရပြီး ကျန်ဆရာမတစ်၌းမှာ သထုံမြို့တွင် အိမ်ငှားနေရပြီး ကျောင်းနှင့် မြို့သို့ အသွားအပြန် တက်ရပါသည်။ စာသင်ကျောင်းတွင် ယခင်က ဝါးဖြင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ဖူးပါသည်။ သို့သော် ခိုင်ခန့်မှုအားနည်းခြင်း၊ မလုံခြုံခြင်းတို့ကြောင့် ဆရာ/ဆရာမများသည် တခြားနေအိမ်များ တွင် သွားရောက်နေရခြင်းဖြစ်ပါသည်။ ယခင်က ကျောင်းဝန်းအတွင်း ဆရာ/ဆရာမရှိခြင်းကြောင့် ကျောင်းသားများကို အချိန်ပို ခေါ်ရာတွင် အဆင်ပြေသောလည်း ယခုတွင် သွားလာရခက်ခဲခြင်း၊ ကျောင်းနှင့်အလှမ်းဝေးခြင်း ကြောင့် အဆင်မပြေမှုများ ကြုံတွေ့ရသဖြင့် ကျောင်းသားများ ပညာရေးအတွက် အခက်အခဲကြုံရ သောကြောင့် ကျောင်းတွင် ဆရာ/ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးမည်ဆိုပါက ကျောင်းသားများအတွက် အချိန်ပိုပညာသင်ကြားနိုင်သည့်အပြင် ဆရာ/ဆရာမများအတွက်လည်း အဆင်ပြေလာမည်ဖြစ်ပါသည်။ ကျောင်းသားများ အတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လုံလောက်မှုရှိပါသည်။ ဆင်းရဲသားမိသားစု များအတွက် ကျောင်းစရိတ် မတတ်နိုင်မှု အခြေအနေမရှိပါ။ ဆွေမျိုးများမှလည်း ကူညီကြပါ သောကြောင့် ကျောင်းသား/ သူများအတွက် အားကစားပစ္စည်းများရှိပါသည်။ မိဘဆရာအသင်း လည်း ကျောင်းတွင် ရှိပါသည်။ ကျောင်းလုပ်ငန်းများကို ပါဝင်ကူညီဆောင်ရွက်ပေးပါသည်။ ကျောင်းအဝင်အဝလမ်း မိုးတွင်းအခါ ရေလျှံနေပြီး ကျောင်းသားများအတွက် အန္တရာယ်ရှိပါသည်။ ကွန်ကရစ်တံတား ထိုးရန်လိုအပ်ပါသည်။အင်းဝိုင်းလေးကျေးရွာ၏မူလတန်းကျောင်းတွင် ဆရာ/ဆရာမ (၄၀:၁)အောက် ဖြစ်သောကြောင့်လုံလောက်ပါသည်။ ကျောင်းခြံစည်းရိုးမှာ ယခုလက်ရှိတွင် ကျောင်း အရှေ့ဘက်နှင့် ဘေးတစ်ဖက်တွင် ခြံစည်းရိုးချိန်းလိတ်ဖြင့် ကာရံထားပြီးခြံစည်းရိုး အနောက်က ဘက်နှင့် အခြားတစ်ဖက်တွင် ဝါးများဖြင့် ကာရံထားသောကြောင့် ၎င်းခြံစည်းရိုးအား အုတ်ခြံစည်းရိုးဖြင့်ကာရံမည်ဆိုပါက ကျောင်းသားများအတွက် လုံခြုံစွာပညာသင်ကြားနိုင် မည်ဖြစ်ပါသည်။ ကျောင်းတွင် စက်ဘီးထား သောနေရာသည် အမိုးနှင့် တိုင်သာရှိပြီး မိုးတွင်းကာလ တွင်

ဗွက်များကြောင့် ၎င်းမြေနေရာအား ကွန်ကရစ်ခင်းရမည်ဖြစ်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

အင်းဝိုင်းလေးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆရာမမှ ၂၀၁၉ခုနှစ် ဇူလိုင်လတွင် ပိုလီယိုကာကွယ်ဆေး အပိုဆောင်း၂ကြိမ်၊ ဩဂုတ်လတွင် ပိုလီယိုကာကွယ်ဆေး အပိုဆောင်း ၁ကြိမ်တိုက်ကျွေးပါသည်။ နိုဝင်ဘာလမှာလည်း ဝက်သက်၊ ဂျိုက်သိုး ကာကွယ်ဆေး အပိုဆောင်း၁ကြိမ် လာရောက်ထိုးနှံခဲ့ပါသည်။ လိုအပ်သောကာကွယ်ဆေးများကို ၁လတစ်ကြိမ် ပုံမှန်ထိုးပေးပါသည်။

အင်းဝိုင်းလေးကျေးရွာတွင် ရာသီကူးပြောင်းချိန်၌ နှာစေး၊ ချောင်းဆိုး ခြင်းအနည်းငယ်ဖြစ်တတ်ပါသည်။ မိုးရာသီတွင် ဝမ်းပျက် ဝမ်းလျှောခြင်း၊ သွေးလွန် တုတ်ကွေး အနည်းငယ် ဖြစ်တတ်ပါသည်။ ဈေးမသွယ်အောက်ကျေးရွာအုပ်စုတွင် ကျန်းမာရေးဌာနခွဲမရှိသဖြင့် ဈေးမသွယ်အထက်ရှိကျေးလက်ကျန်းမာရေးဌာနခွဲတွင် သွားရောက်ကုသမှုခံယူကြပါသည်။ အင်းဝိုင်းလေးကျေးရွာတွင် ကျန်းမာရေးဌာနမရှိပါ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနမရှိသော်လည်း ဈေးမသွယ်အထက်ကျေးလက် ကျန်းမာရေးဌာနခွဲနှင့် ညောင်ချောင်း ကျေးလက်ကျန်းမာရေးဌာနခွဲတွင် သွားရောက်ကုသမှုခံယူကြပြီး သထုံခရိုင်ပြည်သူ့ ဆေးရုံကြီး တို့တွင်လည်း သွားရောက်ကုသမှုရှိကြပါသည်။ ကျေးရွာတွင် ယခင်က ကျေးလက် ကျန်းမာရေး ဌာနခွဲ တစ်ခုကျသော်လည်း မြေနေရာလုံလောက်မှုမရှိသဖြင့် မတည်ဆောက်ဖြစ်ခဲ့ပါ။

အင်းဝိုင်းလေးကျေးရွာရှိ တောင်ပေါ်ဘက်ကျသော နေအိမ်များသည် အင်းဝိုင်းရှိအိမ်များ ထက်ရေရှားပါးမှုကို ကြုံတွေ့ရပြီး တပေါင်း၊ တခူးလများတွင် လက်တူးတွင်းများရေခမ်း ခြင်းကို ကြုံတွေ့ရပြီး ၂၅ တောင်ခန့် တူးထားသော်လည်းရေခမ်းမှုကို ကြုံတွေ့ရပါသည်။ သို့သော်အချို့ သောအိုင်းများတွင် တူးထားသောတွင်များသည် အတောင်၃၀ကျော်လျှင် ရေမခမ်းသော တွင်းများလည်းရှိပါသည်။ ထို့ကြောင့် ရေခမ်းသောအိုင်းရှိ အိမ်ထောင်စုများသည် ရေမခမ်းသည့် အိုင်းရှိ လက်တူးတွင်းများတွင် ရေကိုသွား ရောက်သုံးစွဲကြပါသည်။ ထို့ကြောင့် ရေခမ်းသည့် အိုင်း တွင် မြေနေရာအလျှူရှင်လည်းရှိသဖြင့် စက်ရေတွင်းနှင့် ရေစုကန်တည်ဆောက်ပေးပါက ရေရှားပါခြင်း ဒုက္ခမှ ကင်းဝေးသွားမည် ဖြစ်ပါသည်။

အင်းဝိုင်းလေးကျေးရွာတွင် ရေလောင်း/ ယင်လုံအိမ်သာ ကိုအများဆုံး သုံးစွဲကြ ပါသည်။ မသန့်ရှင်းသောအိမ်သာများ အသုံးမပြုသူများအနည်းငယ်ရှိသည်။ အိမ်သာမရှိသူများ လည်းရှိပါသည်။ ကျန်းမာရေးအသိမရှိခြင်း အိမ်သာအသုံးပြုသော အလေ့အထမရှိခြင်း ကြောင့်

အိမ်သာ အသုံးမပြုကြခြင်းဖြစ်သည်။ ထိုအိမ်ထောင်စုများ အိမ်သာအသုံးပြုရန်အတွက် ကျန်းမာရေး အသိပညာဟောပြောပွဲများ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အင်းဝိုင်းလေးကျေးရွာ၏ မြေဆီလွှာအခြေအနေမှာ အသင့်အတင့်ရှိသော်လည်း ၊ မြေဩဇာများများသုံးရပါသည်။ စပါးစိုက်ပျိုးချိန်ကာလများတွင် စပါးဖျက်ပိုး နှင့် ခရုများစွာ ကျရောက်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။ စိုက်ပျိုးရေးတွင် မိုးရေမှ အဓိက ဖြစ်သော်လည်း ချောင်းရေ၊ အင်းရေကို အဓိကရယူပြီး အချို့ချောင်းရေ နှင့် ဝေလံသော ဒေသများသည် ပင်ပန်းခက်ခဲခြင်းများ ကြုံတွေ့ရပါသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲ မှုအနေဖြင့် အမှိုက်များကို မိမိအိမ်ခြံဝန်းအတွင်း၌ကျင်းတူးပြီး မီးရှို့သော အိမ်ထောင်စု အချို့ရှိပါသည်။ အမှိုက် များကို စနစ်တကျစွန့်ပစ်မှုအားနည်းသော အိမ်ထောင်စုများ လည်းရှိသောကြောင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် အသိပညာဟောပြောပွဲများ ဆောင်ရွက်၍ အမှိုက်စွန့်ပစ်စီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ် ကျေးရွာသာယာလှပသန့်ရှင်းအောင်ဆောင်ရွက် သင့်ပါသည်။

ကျောက်၊သဲနှင့် ကျောက်စရစ်များသည် ကျေးရွာ၏ အနီးအနား ပတ်ဝန်းကျင်တွင် မရှိသော်လည်း ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မြိုင်ကလေးကျေးရွာနှင့် မွန် ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျောက်စရစ်ကုန်းကျေးရွာ တို့မှအလွယ်တကူ ဝယ်ယူရရှိအသုံးချနိုင်ပါ သည်။ အင်းဝိုင်းလေးကျေးရွာ၏ အနောက်ဘက်တွင် စမ်းညီနောင်တောင်ရှိသဖြင့် သဘာဝဆေး ဘက်ဝင်အပင်များနှင့် သဘာဝ တိရစ္ဆာန်စိတ်များ အနည်းငယ်ရှိပါသည်။

အင်းဝိုင်းလေးကျေးရွာတွင် မိသားစု၊ ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် အမျိုးသမီး ၊ အမေနှင့် သမီးနှစ်ဦး၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်အိမ်ထောင်စု သုံးဦး၊ မုဆိုးဖို တစ်ခုလပ် ဆင်းရဲ၍ သားသမီးများလည်း အိမ်ထောင်စု တစ်ဦးရှိသော်လည်း ဆွေမျိုးတော်စပ်မှုရှိကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် ဆွေမျိုးများ နှင့် ရပ်မိ/ရပ်ဖများ တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်း၍ ကူညီကြပါသည်။အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများမရှိပါ။

အင်းဝိုင်းလေးကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသော်လည်း မိရိုးဖလာမရင်းစပါး ၊ နွေစပါးများ၊ လုပ်ကိုင်ရာတွင် ချောင်းရေနှင့်အင်းရေ ကိုသာ မှီနေရသောကြောင့် ချောင်းနှင့် အင်းရေ လုံလောက်စွာ မရရှိသဖြင့် အချိန်ကုန် ၊ ငွေကုန်မှုများ စိုက်ပျိုးရေးအတွက် ကုန်ကျစရိတ်များပြားပြီး စားနပ်ရိက္ခာအနည်းငယ်လျော့နည်းပါသည်။

စိုက်ပျိုးခြင်းအတွက် ချောင်းရေဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် လယ်ယာများတွေ့ကြုံရပါသည်။ မိုးရာသီတွင် ရေကြီးခြင်း၊ ချောင်းရေ၊အင်းရေများ တက်လာခြင်းကြောင့် အရှေ့ဘက်မှ အိမ်ခြေအနည်းငယ်မျှသာ ရေကြီးတတ်ပါသည်။ စမ်းညီနောင်တောင်တွင် ပဒက်စာ၊မျှစ်များအတွက် တစ်ခါတစ်ရံတွင် တောင်မီးလောင်သဖြင့် မီးဘေးအန္တရာယ်အနည်းငယ် စိုးရိမ်ရပြီး သစ်တောပြုန်းတီးခြင်းအနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ဌက်ဖျားရောဂါ၊ ဖြစ်ပွားမှုအနည်းငယ်ရှိပြီး တီဘီရောဂါ လူနာအနည်းငယ်ရှိပါသည်။ကျေးရွာသူ/သားများ သည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခမရှိပါ။ ရာသီကူးပြောင်းမှုများတွင် ခွာနာ၊လျှာနာ စသည့်တိရစ္ဆာန်ရောဂါများဖြစ်ပွားလေ့ရှိပြီး ကြက်/ဝက်တုတ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။ကျေးရွာတွင်လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းမရှိပါ။ ကျေးရွာတွင် လူကုန်ကူးခြင်း လည်းမရှိပါ။အင်းဝိုင်းလေးကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား၊ကျဘမ်းလုပ်ကိုင်သည့်အိမ်ထောင်စုများအနည်းငယ်ရှိ သဖြင့် အိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာဖူလုံသည့် အခြေအနေများကြုံ တွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားလွယ်ပါသည်။ ၎င်းအိမ်ထောင်စုများ သည်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းအရမ်းအနည်းပါးခြင်း၊ အသက်မွေးဝမ်းကျောင်းနည်းပညာအားနည်းခြင်း တို့ကြောင့်အခြားနိုင်ငံများသို့ သွားရောက်၍ လုပ်ကိုင် စားသောက်မှုများပြားနေပါသည်။ အခြားနိုင်ငံများသို့ သွားရောက်ခြင်းမှာ လုပ်အားခ ကွာခြားခြင်းကြောင့် သာရှိပြီး မိမိ၏ နိုင်ငံ လောက် လုံခြုံမှုမရှိနိုင်ပေ။ လုပ်ကိုင်နေထိုင်စားသောက်ခြင်းများအတွက် ထိခိုက်သက်ရောက်မှုခံရနိုင်သည့် သူများ များပါသည်။ ကျေးရွာတွင် ကားမောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် အိမ်ထောင်စုများထိခိုက်လွယ်မှုနိမ့်ကျပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်ရေးတွင် အမျိုးသမီးများမပါဝင်ကြပါ။ သို့သော် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများက တက်ကြွစွာ ပါဝင်ဆောင်ရွက် ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမရှိသလောက်နည်းပါး ပါသည်။ အမျိုးသမီးရေး ရာ အကြမ်းဖက်မှုနှင့် တရားမျှတ မှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုအားနည်းပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ဈေးမသွယ်အောက်ကျေးရွာအုပ်စု			ကျေးရွာအမည် – အင်းဝိုင်းလေးကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်	အဆိုပြုလုပ်ငန်းစဉ်များ	မှတ်ချက်
၁	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ဆရာ/ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ(၃၀'x၁၅')ဆောက်လုပ်ခြင်း။	ဦးစားပေး ၁
၂	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	စာသင်ကျောင်း ကျောင်းခြံစည်းရိုးအား(၆၇၀'x၅') အုတ်ခြံစည်းရိုးကာရံခြင်း။	ဦးစားပေး ၂
၃	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	အဓိပဓိလမ်း(၁) (၁၁၀၀')အားမြေသားလမ်းမှ (၁၁၀၀' x ၁၂' x၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	ဦးစားပေး ၃
၄	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသက်မွေးဝမ်းကျောင်းသင်တန်း(ဆိုင်ကယ်ပြင်/ဖိနပ်ချုပ်/ဖုန်းပြင်/ စက်ပြင်/မိတ်ကပ်ပြင်/အချက်အပြုတ်/စက်ချုပ်/လက်သမား+ပန်းရံ) စသည့်သင်တန်းများဖွင့်လှစ်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများဖွင့်လှစ်ခြင်း။	

ကျေးရွာအုပ်စုအမည် – ဈေးမသွယ်အောက်ကျေးရွာအုပ်စု			ကျေးရွာအမည် – အင်းဝိုင်းလေးကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်	အဆိုပြုလုပ်ငန်းစဉ်များ	မှတ်ချက်
၆	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	တံတားအမှတ်(၇)(ကုံညှင်း)ကွန်ကရစ်တံတား(၉'x၂၁'x၈'၅")အား ပြန်လည်ပြုပြင်ခြင်း။	
၇	မွေးမြူရေး	နည်းပညာ	မွေးမြူရေးနည်းပညာပေးသင်တန်းများစီစဉ်ဆောင်ရွက်ပေးခြင်း။	
၈	ငွေကြေး	ရပ်ရွာအခြေပြု	မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ခြင်း။	
၉	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	စာသင်ကျောင်းလမ်းရေပြွန်အသစ်(၁)စင်းနှင့်ရေမြောင်းအသစ်တစ်ခု တည်ဆောက်ခြင်း	
၁၀	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	အဓိပဓိလမ်း(၂) (၁၀၀၀')မြေသားလမ်းအား (၁၀၀၀' x ၁၂' x၆') မြေသားလမ်းအဆင့်မြှင့်တင်ခြင်း။	
၁၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	တံတားအမှတ်(၅)ကွန်ကရစ်တံတား(၅'x၁၄'၄"x၃')အားပြန်လည် ပြုပြင်ခြင်း။	

၁၂	စိုက်ပျိုးရေး	ရေ	ချောင်းသစ်ဖောက်လုပ်ခြင်းအားဆောင်ရွက်ခြင်း။	
၁၃	ပညာရေး	ကျောင်းတက်နှုန်းနှင့် ပညာအရည်အသွေး	မူလတန်းကျောင်းမှအလယ်တန်းကျောင်း/အထက်တန်းကျောင်းသို့ အဆင့်မြှင့်တင်ခြင်း။	
ကျေးရွာအုပ်စုအမည် – စျေးမသွယ်အောက်ကျေးရွာအုပ်စု			ကျေးရွာအမည် – အင်းဝိုင်းလေးကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်	အဆိုပြုလုပ်ငန်းစဉ်များ	မှတ်ချက်
၁၄	ကျန်းမာရေး	လူနာတင်ကား၊ ကျန်းမာရေးဝန်ဆောင်မှု အဖွဲ့၊နိဗ္ဗာန်ယာဉ်စသည်	လူနာတင်ယာဉ်တစ်စင်းဝယ်ယူခြင်း။	
၁၅	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေး ပေးခန်း၊ကာကွယ်ဆေးထိုးခြင်း	ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၀၀'x၁၀၀')တည်ဆောက်ခြင်း။	
၁၆	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်းနှင့်စင်မြင့်ရေစင်တည်ဆောက်ခြင်း။	
၁၇	အခြေခံအဆောက်အဦ	အခြေခံအဆောက်အဦ	စာအုပ်စာပေများပြည့်စုံစွာထားရှိခြင်း။	
၁၈	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	နိဗ္ဗာန်းလမ်း (၁၂၉၄') မြေသားလမ်းအား (၁၂၉၄' x ၁၂' x၆') ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	
၁၉	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	နှစ်သစ်ကူလမ်း (၂၃၉')မြေသားလမ်းအား (၂၃၉' x ၁၂' x၆')	

			ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	
၂၀	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	စမ်းချောင်းလမ်း (၃၄၃')အား မြေသားလမ်းအား (၃၄၃' x ၁၂' x၆') ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	
၂၁	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းစက်ဘီးထားသည့် (၅၀'x၁၀') နေရာအား ကွန်ကရစ်ခင်းခြင်း။	
ကျေးရွာအုပ်စုအမည် – ဈေးမသွယ်အောက်ကျေးရွာအုပ်စု			ကျေးရွာအမည် – အင်းဝိုင်းလေးကျေးရွာ	

စဉ်	ကဏ္ဍ	စီမံချက်	အဆိုပြုလုပ်ငန်းစဉ်များ	မှတ်ချက်
၂၂	လူငယ်နှင့်အားကစား	အားကစား	အားကစားပစ္စည်းများဝယ်ယူခြင်း	
၂၃	အခြေခံအဆောက်အဦး	ကျေးလက်လမ်းတံတား	စမ်းချောင်လမ်းပေါ်တွင်ကွန်ကရစ်တံတားအသစ် (၅' x ၁၄'၃" x၃')ကွန်ကရစ်တံတားတည်ဆောက်ခြင်း။	

အင်းဝိုင်းလေးကျေးရွာ၊ ဈေးမသွယ်အောက်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလှမင်းအောင်	ဦးတစ္ဆတ်	၁၀/သထန (နိုင်) ၀၄၄၀၉၄	၄၉	အုပ်ချုပ်ရေးမှူး /နာယက	၀၉၇၈၉၅၂၅၁၁၈၁
၂	ဦးစောဟဲန်စင်	ဦးဒေးဗစ်	၁၀/သထန (နိုင်) ၀၃၂၆၃၂၂	၅၉	ဥက္ကဋ္ဌ	၀၉၇၈၈၄၆၂၀၄၉
၃	ဦးစိုးဝင်း	ဦးစောဦးရဲ	၁၀/သထန (နိုင်) ၁၃၈၄၂၂	၄၃	အတွင်းရေးမှူး	၀၉၇၇၆၄၁၄၄၈
၄	ဦးကျော်အောင်	ဦးဖိုးထင်	၁၀/သထန (နိုင်) ၁၈၅၈၉၁	၃၆	ဘဏ္ဍာရေးမှူး	၀၉၇၆၂၁၄၉၅၃
၅	ဒေါ်ရှိုင်းနီးစတာ	ဦးစောအယ်ထူး	–	၂၁	စာရင်းကိုင်	–
၆	ဒေါ်ကေသီဦး	ဦးသောင်းတင်	၁၀/သထန (နိုင်) ၁၁၄၁၇၄	၄၂	အဖွဲ့ဝင်	၀၉၄၂၀၂၅၆၄၂၆

၇	ဦးချစ်သိန်း	ဦးမောင်ဖေ	၁၀/သထန (နိုင်) ၀၂၃၆၆၀	၅၆	အဖွဲ့ဝင်	–
၈	ဦးတာစဲ	ဦးဂျိုးဇော်	၁၀/သထန (နိုင်) ၀၃၂၆၃၅	၄၉	အဖွဲ့ဝင်	–
၉	ဦးမောင်ထွန်းဦး	ဦးချစ်ထွန်း	၁၀/သထန (နိုင်)၁၆၅၆၈၀	၄၉	အဖွဲ့ဝင်	၀၉၆၉၇၃၅၃၄၇
၁၀						
၁၁						
၁၂						
၁၃						
၁၄						
၁၅						

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၀	၃	၁၃
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၄	၂၉	၅၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၂	၃၈	၈၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၆	၄၆	၉၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၈၄	၂၈၀	၅၆၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၅	၂၀	၃၅
စုစုပေါင်း		**၄၂၁**	**၄၁၆**	**၈၃၇**
စုစုပေါင်း အိမ်ထောင်စု		**၁၂၈**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ အင်းဝိုင်းလေးကျေးရွာတွင် အိမ်ထောင်စု (၁၂၈) စု၊အိမ်ခြေ(၁၉၁)အိမ်၊ လူဦးရေ (၈၃၇) ဦး ရှိပါသည်။ အင်းဝိုင်းလေးကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၁.၅၅%)၊ မူလတန်း ကျောင်းသားအရွယ် (၉.၅၅%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၀.၉၉%)၊ အလုပ်လုပ် နိုင်သည့်အရွယ် (၆၇.၃၈%)၊ သက်ကြီးရွယ်ကြီးအရွယ် (၄.၁၈%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၂.၆၁)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၂၈၄) ဦး၊ မ (၂၈၀) ဦး စုစုပေါင်း (၅၆၄) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၇.၃၈%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ် လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသား အရင်းအမြစ် ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက် ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိက ဝင်ငွေရ	ရပ်တည်နိုင်မှု

		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	(မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၂၁	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၉	-	မြင့် ☐ လတ်✓ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၈	-	မြင့် ☐ လတ်✓ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁	၁၉	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၂	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၄	၁	မြင့် ☐ လတ်✓ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	၂	မြင့် ☐ လတ်✓ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	မြင့် ☐ လတ်✓ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	တက္ကသိုလ်နှင့်နီးသော ကြောင့် ကိုယ်ပိုင် အဆောင်များဖွင့်ခြင်း
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	၈၈	၁၃၁	၁၈၈	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား				
၂ခ	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	**၁၂၈**	**၁၉၅**	**၁၉၁**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ အင်းဝိုင်းလေးကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူများပြားပြီး သဲအိမ်ကျေးရွာမှ ကြာပန်းရွာလမ်းကြောင်းပေါ်တွင် တည်ရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်စျေးဆိုင်များ ၊ တစ်ပိုင်တစ်နိုင်မွေးမြူရေး၊ အခြားနည်းပညာများတတ်မြောက်သည့် အိမ်ထောင်စုနည်းပါးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးသောကြောင့် အခြားပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေများပြားရခြင်းဖြစ်ပါသည်။ စီးပွားရေးဖြစ် မွေးမြူရေး လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်သာ ရှိပါသည်။ကား၊ ဆိုင်ကယ် မောင်း၍ ခရီးသည်များပို့ဆောင်ခြင်း၊ အသက်မွေးဝမ်းကြောင်းလုပ်ကိုင်သူများအနည်းငယ်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၆၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း	နေ့စား	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ခြင်း၊ မွေးမြူခြင်း)					
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	-	၆၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခပမာဏကို မသိရှိပါ။ ထိုင်းနိုင်ငံ ဖီနပ်ချုပ်စက်ရုံ၊ အထည်ချုပ်စက်ရုံများတွင် ၂၀၁၀ခုနှစ်မှ ၂၀၁၃ခုနှစ်များတွင် နေ့စား ကျား/မ မခွဲခြားဘဲတန်းတူ တစ်နေ့ ဘတ်၃၀၀နှင့် အချိန် ပိုရှိပါက OT တစ်နာရီ ဘတ်၃၀ရရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) **ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၀၄.၈	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၉၁	ကောင်း☐	သင့်✓	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
ကိုင်း/ကျွန်းမြေ	၂	ကောင်း ☐	သင့်✓	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၂၉၇.၈	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ အင်းဝိုင်းလေးကျေးရွာတွင် လယ် (၁၀၄.၈) ဧကနှင့် ရော်ဘာခြံ (၁၉၁) ဧက၊ ကိုင်းကျွန်းမြေ (၂)ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာလည်း အသင့်အတင့်ကောင်း မွန်ပါသည်။ ကျေးရွာဝိုင် စားကျက်မြေရှိပါသည်။ မြေလွတ်မရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ✓ မရှိ ☐	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ✓ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျောက်၊သဲနှင့် ကျောက်စရစ်များသည် ကျေးရွာ၏ အနီးအနား ပတ်ဝန်းကျင်တွင် မရှိသော်လည်း ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မြိုင်ကလေးကျေးရွာနှင့် မွန်

ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျောက်စရစ်ကုန်းကျေးရွာ တို့မှအလွယ်တကူ ဝယ်ယူရရှိအသုံးချနိုင်ပါသည်။ အင်းဝိုင်းလေးကျေးရွာ၏ အနောက်ဘက်တွင် စမ်းညီနောင်တောင်ရှိသဖြင့် သဘာဝဆေးဘက်ဝင်အပင်များနှင့် သဘာဝ တိရစ္ဆာန်စိတ်များ အနည်းငယ်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ ဧကအထက်	၁၀ဧကမှ၁ဧကအထက်မှ၁ဝဧကကြား	မရှိ	မရှိ
အိမ်အခြေအနေ	နှစ်ထပ်တိုက်/ ပျဉ်ထောင်/ သွပ်မိုး	ပျဉ်ထောင်/သွပ်မိုး / ဖက်ခင်း	သစ်အိမ်/ ဖက်မိုး/ ဝါးအိမ်/ ဖက်ကာ	ဝါးအိမ်/ဖက်မိုး/ ဖက်ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ သုံးဘီး၊ ဆိုင်ကယ်၊ လယ်ထွန်စက်၊ မြက်ရိတ်စက်၊ ဘောတွဲ	ဆိုင်ကယ်၊ ထော်လာဂျီ၊ လယ်ထွန်စက်၊ မြက်ရိတ်စက်	ဆိုင်ကယ်၊ စက်ဘီး	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	ရော်ဘာ၊ စပါး၊ ဈေးဆိုင်၊ ကား၊ ကျောင်းပို့၊ ကျောင်းကြို	စပါး၊ ဈေးဆိုင်၊ ရော်ဘာ၊ ကျဘမ်း၊ ထိုင်း	ကျဘမ်း၊ ၊ထိုင်း	ကျဘမ်း
အိမ်ထောင်စု	၃၀	၆၅	၃၀	၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ အင်းဝိုင်းလေးကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု အနည်းငယ်သာရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင် လုပ်ငန်းများ လုပ်ကိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စုများသည် စိုက်ပျိုးရေး ၊သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် မွေးမြူခြင်း၊ ဈေးဆိုင်ဖွင့်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရသည်။ အလွန်မပြေလည်သောအိမ်ထောင်စုများသည် ကောက်စိုက်၊မျိုးနုတ်၊ တောခုတ်၊ ရော်ဘာခြစ် စသည့် ရာသီကြုံရာ ကျဘမ်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။……

……

……

……

……

……

……

……

……

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
